၂၀၁၈ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ — ခွင့်ပြုချိန် (၃) နာရီ

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ (၁၀ မှတ်)

၁။ ဈေးကွက်ယန္တရားသည်မည်မျှထုတ်လုပ်မည်၊မည်မျှဝယ်ယူမည်တို့ကိုဈေးနှုန်းကဆုံးဖြတ်ပေးသည်။

၂။ သင်တန်းပေးခြင်း၊ ပညာသင်ကြားပေးခြင်းတို့ဖြင့် လုပ်အား၏အရည်အသွေးကို တိုးတက်မြင့်မားအောင် လုပ်ဆောင်နိုင်သည်။

၃။ ပြေလျော့သောဝယ်လိုအားမျဉ်းကွေးသည်မတ်စောက်သောဝယ်လိုအားမျဉ်းကွေးထက်အလျော့အတင်းနည်းသည်။

၄။ ကုန်စည်၏ထုတ်လုပ်မှုစရိတ်ကျဆင်းလျှင် ကုန်စည်၏ရောင်းလိုအားမျဉ်းကွေးသည်လက်ယာဘက်သို့ ရွေ့ပြောင်းသွားမည်ဖြစ်သည်။

၅။ အစိုးရက ထုတ်လုပ်သူများအား ထောက်ပံ့ကြေးပေးခြင်းသည် ဈေးကွက်ပေါက်ဈေးက အင်အားစုအခြေဈေးနှုန်းထက် မြင့်သွားစေမည်။

၆။ တစ်ဦးကျဝင်ငွေသည် နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံးလိုလို ဝင်ငွေအညီအမျှ ရရှိကြသည်ဟုယူဆထားသည့် ပျမ်းမျှကိန်းဖြစ်သည်။

၇။ ငွေကြေးမဟုတ်သောဥစ္စာဓနကို အခြားကုန်စည်နှင့်ဝန်ဆောင်မှုအသွင်သို့ လွယ်ကူစွာပြောင်းလဲနိုင်သည်။

၈။ ဗဟိုဘဏ်ကအစိုးရ၏စာချုပ်စာတမ်းများကိုပြည်သူလူထုသို့ရောင်းချပါကပြည်သူလူထု၏လက်ဝယ်ငွေကြေးအမာဏများလာပေမည်။

၉။ တိုင်းပြည်၏သွင်းကုန်နှင့်ပို့ကုန်များအပေါ်တွင် ကောက်ခံသောအခွန်များသည် တိုက်ရိုက်ခွန်အမျိုးအစားတွင်ပါဝင်သည်။

၁၀။ ဖွံ့ဖြိုးပြီးနိုင်ငံများက ဒုတိယအဆင့်ထုတ်ကုန်များကိုအဓိကတင်ပို့သည်။

(ခ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ လုပ်အားဈေးကွက်သည်အဓိကအားဖြင့် ________၊ လုပ်ခလစာနှုန်းများ သတ်မှတ်ခြင်း တို့ကိုဆောင်ရွက်နိုင်သည်။

[တစ်ဖက်သို့

၂။ ကုန်စည်တစ်ခု၏ __________ သည်သွင်းအားစုများ၏စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့်ထုတ်လုပ်မှု အခြေအနေတို့ပေါ်တွင်မူတည်သည်။
၃။ တိုင်းပြည်ဝင်ငွေစာရင်းအင်းများသည် တိုင်းပြည်၏__________ကို တွက်ချက်ရန် အသုံးဝင်သည်။
၄။ ဗဟိုဘဏ်သည် သီးသန့်ငွေသားပမာဏကိုပြောင်းလဲခြင်းဖြင့် __________ကို ထိန်းချုပ်နိုင်သည်။
၅။ ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေ ပြောင်းလဲခြင်းနှင့်အညီ ပြောင်းလဲရန် ခွင့်ပြုထားသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအား___________ ဟုခေါ်သည်။

(ဂ) အောက်ပါဖော်ပြချက်များအတွက်ပေးထားသောအဖြေ (က)(ခ)(ဂ) များမှအဖြေမှန်ကိုအဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ အစားထိုးကုန်စည်များ၏အပြန်အလှန်အလျော့အတင်းသည် (က) သုည (ခ) အနုတ်လက္ခဏာ (ဂ) အပေါင်းလက္ခဏာ တန်ဖိုးရှိမည်ဖြစ်သည်။
၂။ စုစုပေါင်းပြည်တွင်းထုတ်ကုန်မှ ပြုန်းတီးမှုတန်ဖိုးနုတ်ပြီးသောရလာဒ်မှာ (က) အသားတင်ဝင်ငွေ (ခ) အသားတင်ပြည်တွင်းထုတ်ကုန် (ဂ) အသားတင်တိုင်းပြည်ထုတ်ကုန် ဖြစ်သည်။
၃။ ဈေးနှုန်းများတက်လာခြင်းကြောင့် ပုံမှန်ဝင်ငွေရရှိသူများ၏ (က) ငွေကြေးဝင်ငွေ (ခ) အမှန်ဝင်ငွေ (ဂ) အမည်ခံဝင်ငွေ ကျဆင်းမည်။
၄။ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများသည် (က) လူမှုရေးလုပ်ငန်းများ (ခ) မရှိမဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ (ဂ) မြူနီစပယ်လုပ်ငန်းများတွင် ပါဝင်သည်။
၅။ ကမ္ဘာ့နိုင်ငံများက အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများအတွက် လက်ခံနိုင်သော စနစ်တစ်ရပ်ကို တည်ထောင်ရန် ကြိုးပမ်းချက်တစ်ရပ်မှာ (က) ကမ္ဘာ့ဘဏ် (ခ) ဥရောပသမဂ္ဂနိုင်ငံများ (ဂ) အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ တည်ထောင်ခြင်းဖြစ်သည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မှတ်)

| | |
|---|---|
| ၁။ အရင်းအနှီး | ၁၀။ ချက်လက်မှတ် |
| ၂။ ထုတ်ကုန်ဈေးကွက် | ၁၁။ ငွေစာရင်းရှင်းခြင်း |
| ၃။ အစားထိုးကုန်စည်များ | ၁၂။ လွတ်လပ်သောဈေးကွက် |
| ၄။ ဝယ်လိုအားဇယား | ၁၃။ သာမန်ရငွေများ |
| ၅။ တစ်ဦးချင်းရောင်းလိုအား | ၁၄။ အချိုးတူခွန် |
| ၆။ အားမျှဈေးနှုန်း | ၁၅။ ပြည်ပငွေပေးငွေယူရှင်းတမ်း၏ငွေလုံးငွေရင်းစာရင်း |
| ၇။ ဝင်ငွေနည်း | ၁၆။ ကုန်သွယ်မှုပိတ်ဆို့ခြင်း |
| ၈။ ဘက်ညီဝင်ငွေလည်ပတ်စီးဆင်းမှု | ၁၇။ မြင်နိုင်သောကုန်သွယ်မှုရှင်းတမ်း |
| ၉။ သီးသန့်ငွေသား | ၁၈။ ငွေတန်ဖိုးချခြင်း |

# အပိုင်း (ခ)

## နှစ်သက်ရာမေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။(က) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏ကောင်းကျိုးများကိုရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။

၁။ စားသုံးသူများ၏ဈေးဆနှုန်းကိန်း

၂။ အခွန်စည်းကြပ်ခြင်း၏အခြေခံမူများ

၃။ ဝယ်လိုအားနှင့် စားသုံးသူ၏ဝင်ငွေ

၄။ အင်အားစုဈေးကွက်များ

၄။(က) အခြေခံအကျဆုံးစီးပွားရေးပြဿနာကိုဖော်ပြပြီးယနေ့ကမ္ဘာပေါ်တွင်ဖြစ်ထွန်းပေါ်ပေါက်နေသော စီးပွားရေးစနစ်အမျိုးမျိုးကိုရှင်းလင်းဖြေဆိုပါ။ (၂၀မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကိုမှတ်စုရေးပါ။

၁။ နိုင်ငံခြားမှရောင်းသူနှင့်ဝယ်သူတို့အပေါ်မှီခိုအားပြုနေရခြင်း

၂။ ရောင်းလိုအားမျဉ်းကွေး

၃။ ငွေကြေး၏တန်ဖိုး

၄။ ကုန်ထွက်နှင့်ထုတ်ကုန်တို့၏သဘော

၅။(က) ဝယ်ယူမည့်အရေအတွက်ပြောင်းလဲခြင်းနှင့် ဝယ်လိုအားရွှေ့ပြောင်းခြင်းများကို ပုံနှင့်တကွ ရှင်းလင်း ဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကိုမှတ်စုရေးပါ။

၁။ နိုင်ငံတစ်နိုင်ငံ၏အင်အားစုပိုင်ဆိုင်မှု

၂။ ဘဏ်အမျိုးအစားများ

၃။ သွယ်ဝိုက်ခွန်များ

၄။ ပုံသေဈေးနှုန်းနှင့်နှစ်အလိုက်ဈေးနှုန်းတို့၏သဘော

[တစ်ပက်သို့

၆။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်အင်အားစုများ အားလုံးကို စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုပြီး နှစ်တစ်နှစ်အတွင်း ထုတ်လုပ်နိုင်သည့် ကုန်စည် A နှင့် ကုန်စည် B အတွဲအမျိုးမျိုးကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

| အမှတ်စဉ် | ကုန်စည် A(ယူနစ်) | ကုန်စည် B(ယူနစ်) |
|---|---|---|
| က | ၀ | ၅၀၀၀ |
| ခ | ၁၀၀ | ၄၈၅၀ |
| ဂ | ၂၀၀ | ၄၂၀၀ |
| ဃ | ၃၀၀ | ၃၂၅၀ |
| င | ၄၀၀ | ၂၂၅၀ |
| စ | ၅၀၀ | ၀ |

၁။ ၎င်းဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲပါ။

၂။ အမှတ်စဉ် (ဂ) မှ အမှတ်စဉ် (ဃ) သို့ကုန်စည် A ကိုတိုး၍ထုတ်လုပ်မည်ဆိုပါက ကုန်စည် A ၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်သုံးသပ်ပြပါ။

(ခ) နိုင်ငံတစ်နိုင်ငံ၏ ၂၀၁၅၊ ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်များ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့်သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၁၅ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၁၅ | ၁၀၀ | ၁၀၀ |
| ၂၀၁၆ | ၁၄၀.၅ | ၁၂၀.၅ |
| ၂၀၁၇ | ၁၁၀ | ၁၂၀ |

၁။ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။

၂။ ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။

(ဂ) အကယ်၍ ငွေကြေးပမာဏ M သည် (၅၀၀၀)ကျပ်၊ ဈေးနှုန်း P သည် (၂၅၀)ကျပ် နှင့် ကုန်စည် အရေအတွက် T သည် (၄၅၀) ဖြစ်ပါက

၁။ အပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် V ကို ရှာပါ။

၂။ ငွေကြေးပမာဏ M သည် (၁၀) ရာခိုင်နှုန်း၊ ကုန်စည် အရေအတွက် T သည် (၂၀) ရာခိုင်နှုန်း တိုးနေပြီး

(က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M၊ ဈေးနှုန်း P နှင့် ကုန်စည် အရေအတွက် T တို့ကိုရှာပါ။

(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၂၅) သို့ပြောင်းသွားပါက ဈေးနှုန်း P ကို ရှာပါ။